

အောင်မြင်စာပေ
ငတ်ကြီးကျသူများ

မရှိစကား ...

မကြားချင်ဘူးဟေ့ ...။

တို့ မှာ က အများကြီးပဲ ...။

မသိတာတွေ အများကြီးပဲ ...။

မချိတာတွေ အများကြီးပဲ ...။

အတိဗလာ ... နဲ့

မရှိတာတွေ ... အများကြီးပဲ ...။

## တစ်

မြို့ကလေး၏ လမ်းဆုံရှိ အဝေးပြေးကားဂိတ်သို့ ... လေအိတ်ဘတ်(စ်)ကားကြီးတစ်စင်း ရှင်းခနဲ ခေါင်းထိုးဆိုက်လာသည် ။ လမ်းဘေးရှိ ဖုန်မှုန့်များ ထောင်းထောင်းထ၍ ကားရှေ့ကျုံ့ထွက်လာသည် ။

ဖုန်မှုန့်များကြားသို့ ခေါင်းရွက်ဗျပ်ထိုးဈေးသည် များ အလုအယက် တိုးဝင်ပြီး ကားဘေးတစ်ချက်တစ်ဖက်သို့ ဖြန့်ကြက်ချဉ်းကပ်၍ ဗျပ်ဗန်းထဲရှိ ရောင်းကုန်များကို တစာစာအော်လိုက်ကြသည် ။ စီခနဲ မြည်သံစုံ

သွားၿ၏။

"ဖရဲသီးစိတ် ချိုချိုလေး ..."

"ငုံးဥတွေရမယ် ..."

"စိမ်းစားဥတွေနော် ... တောတွဲကြီးတွေ"

"ခါဂျာမုန့်တွေ ... ချိုချိုရွရွလေး ..."

"စလေဆီးသီးတွေ ... အစေ့ပါဝါးစားလို့ ရတယ်"

"ပြောင်းဖူးပြုတ်တွေရမယ်"

"ပြောင်းဖူးပြုတ် ..."

"ဟောသမှာ အမူးအမော်ပြေ ... သရက်သီးစိတ် မချစ်စု သရက်သီးစိတ်တွေ ..."

"ကွမ်းယာ ... စီးကရက် ... စီးကရက် ... ကွမ်းယာတွေ"

"ရေသန့်ဘူး ... အအေးစုံ ... ဘီယာပါရတယ်ခင်ဗျ"

အဲယားကွန်း လေအိတ်ကား ဆိုသော်လည်း အဲယားကွန်းမဖွင့်၍ ပြတင်းမှန်တွေ ဖွင့်ဝင်လာသော ကားပေါ်က ခရီးသည် များက ကားပေါ်မှ လက်ပြူ၊ ခေါင်းပြူ၍ ... ဝယ်ကြ၊ ခြမ်းကြ၊ဈေးဆစ်ကြ၊ ထုံးစံအတိုင်း အကြွေဖျက်ရာ၌ အခက်တွေ့ကြ ...၊ ဖြစ်နေကျ မြင်ကွင်းတစ်ခုသာပါ။

ခပ်ဟဟ ပြတင်းမှန်တံခါးတစ်ခု လျှောတိုက်၍ ပွင့် လာပြီး ဆံပင်ရွှေဝါရောင် အလိပ်လိုက်နှင့် ဖြူဖွေးနေသော မျက်နှာတစ်ခု ပေါ်လာသည် ။

"ဟော့ ... ဟော့ ... ကွမ်းယာစီးကရက်ကောင်လေး"

"ခင်ဗျာ ... မမ ... ဘာယူမလဲခင်ဗျ ..."

"မမကို ဂက်(စ်)မီးခြစ်တစ်လုံး ဝယ်ပေးစမ်းပါကွယ် ... ရော့ပိုတာ မင်းယူလိုက် ..."

နှုတ်ခမ်းနီများ ရဲပဒေါင်းခတ်နေသော မမဆိုသူက ကွမ်းယာ၊ စီးကရက် အရောင်းသမားလေးအား ငါးရာတန်အသစ်တစ်ရွက် ကမ်းပေးသည်။ ကောင်လေးက လှမ်းယူစဉ် ...

"လောလောဆယ် မင့်မီးခြစ် ခဏပေးခဲ့စမ်းပါကွယ် ... ခံတွင်းချဉ်လှပြီ"

"ဒီမှာ မမ ... ခဏပဲစောင့်နော် ..."

ကားပေါ်က နှုတ်ခမ်းနီမက ငါးသုံးလုံးစီးကရက်ဘူးထဲမှ တစ်လိပ်ဆွဲထုတ်၍ နှုတ်ခမ်းတွင် တပ်သည်။ မီးညှိ၍ တစ်ရှိုက်မက်မက် ဖွာရှိုက်လိုက်သည်။ နှစ်ဖွာ၊ သုံးဖွာ ရှိုက်အပြီး မီးခြစ်အသစ်လေးကိုင်၍ ကောင်လေး ပြန်ရောက်လာသည်။ မီးခြစ်ချင်း လဲလှယ်သည်။

ထိုစဉ် ... ကားစပယ်ယာ ရောက်ရှိလာသည်။ ဓာတ်ငွေ့ကားဖြစ်သဖြင့် ဆေးလိပ်မသောက်ရန် လာရောက်တားမြစ်ကြောင်း အောက်က ကောင်လေး ကြားနေမြင်နေရသည်။

"ခံတွင်းချဉ်လွန်းလို့ ပါကွယ်၊ မင်းတို့ ကား ဂက်(စ်) လုံပုံရပါတယ် ... မီးခြစ်ထပ်မခြစ်တော့ပါဘူး ... နည်းနည်းတော့ သောက်ဦးမယ်ကွယ် ..."

"ကားထွက်ရင်တော့ ... ဘေးခရီးသည် တွေလည်း ရှိနေတယ် ... လေလည်း တိုက်တယ်ဗျာ ..."

"မထွက်ခင်တော့ သောက်ပါရစေ ..."

"ကားက အခုထွက်တော့မယ် ..."

မမနှုတ်ခမ်းနီက ကားစက်သံမြှင့်သည် နှင့် နောက်ဆုံး ဖွာလိုက်ပြီး လက်သည် ရှည်လက်မလက်ညှိုးနှင့် စီးကရက်ကို တောက်ချ လိုက်လေသည် ။ ဝူးခနဲ ကားထွက်သွားသည် ။ ပေတစ်ရာ လမ်းပေါ်၌ တစ်ဝက်ကျော်ကျော်ရှည်သေးသော စီးကရက်လေး တုံးလုံးလဲကျ၍ မီးခိုးငွေ့ငွေ့လူနေ၏။

လက်ကလေးတစ်ဖက် စီးကရက်ပေါ်ကျလာ၏။ လက်ညှိုးလက်ခလယ်နှင့် ကောက်ညှပ်၍ အစီခံကို လက်မလေးနှင့် တို့ ထိရင်း ငါးသုံးလုံး တံဆိပ်လေးကို ပတ်ကြည့်နေ၏။ အစီခံစက္ကူတွင် စွန်းပေနေသော နှုတ်ခမ်းနီရနံ့ကို နမ်းကြည့်သည် ။ ပြီးမှ နှုတ်ခမ်းတွင် တေ့၍ အားပါးတရ ဖွာရှိုက်လိုက်သည် ။ ပြန်မှုတ်ထုတ်လိုက်ရမည့် မီးခိုးငွေ့များကို နှမြောသလို အဆုတ်ထဲ ခပ်ကြာကြာ သိမ်းဆည်း အောင့်အည်းထားလိုက်သေးသည် ။

ဟူး ...ခနဲ (မအောင့်နိုင်တော့မှ ) မှုတ်ထုတ်လိုက်သည် ။

နောက်တစ်ဖွာ ဖွာပြန်သည် ။ ဖိမ်ခံ၍ မျက်စေ့မှေးပြီး ရှိုက်နေစဉ် ...

"ဟော့ကောင် ရဲလီ၊ မင်း ... စီးကရက်တိုကောက်သောက်တာကို ဇင်မမြင်သွားတယ်၊ မင်းကို မဲ့ရွဲ့ပြီး ပြောနေတယ်"

"ဘာပြောလဲ ..."

"ငတ်ကြီးကျ ... သေနာ ... တဲ့ ၊ သောက်ရက်မရှိဘူးတဲ့ ၊ သူမို့မရွံမရှာ ... ဒါကြောင့် ရဲလီကို ငါအော့နှလုံးနာတာတဲ့ ..."

"သူ့ဟာသူ အော့နှလုံးမကလို့ အူတစ်ခွေလုံးနာနာကွာ ဘာရွံစရာရှိလို့ လဲ၊ သောက်သွားတဲ့ မမက သွားလေးတွေဖွေးလို့ ... နှုတ်ခမ်းနီနံ့

လေးကလည်း မွေးလို့ ...၊ ဒီမယ် ... ငါးသုံးလုံးကွ ... အရှည်ကြီးကျန်သေးတယ် ... တွေ့လား ... ငါမနက်က ထမင်းကြမ်း စားပြီးကတည်းက ခံတွင်းချဉ်နေတာ ..."

အောင်ဘုက ငုံးဥရောင်းရငွေများကို ခေါက်၍ လက်သူကြွယ်တွင် ပတ်ညှပ်ထားရင်းက ရေနေသည် ။ ရေရင်းက ...

"ဒီမနက်မဆိုးဘူးကွာ၊ အေးကွာ ... မင့်စီးကရက်က မွေးနေတာပဲ ... တစ်ဖွာလောက်ချန်ထားကွာ ..."

"ရော့ ... ရော့ ... နှစ်ဖွာသုံးဖွာရသေးတယ် အောင်ဘု၊ ဟာ ... ဟိုမယ် ... သိန်းသန်းကြွယ်လာနေပြီ ..."

ပြောပြောဆိုဆို စီးကရက်ကို ထိုးပေးရင်း ထိုးစိုက်လာသည့် ကျိုက်ထိုဘတ်(စ်)ကားဆီ ပြေးသည် ။ ဖွာရင်း အောင်ဘုကလည်း ပြေးလိုက်၏။

"ကွမ်းယာရမယ် ... စီးကရက်ရမယ် ... ရူဘီတွေ ... ရူဘီတွေ ... သုံးလိပ်မှ နှစ်ရာပါ၊ ရူဘီတွေ ... ကွမ်းယာ ... စီးကရက် ရမယ်လေ"

စီးကရက်ရောင်းရင်း စီးကရက်ငတ်နေသော လူပျိုပေါက်စလေး ရှဲလီ၏ အသံက အခြားဈေးသည် များ ထက် စာနေ၏။

ဆာနေ၏။

***

နာရီပြန်နှစ်ချက်ရောက်သောအခါ ပေတစ်ရာလမ်းသည် တံလျှပ်

တွေ လူတက်လာ၏။ အပူငွေ့သည် ... ချွေးစက်တို့ ကိုပင် ခြောက်သွေ့၍ ဆားပွင့်များ မျက်နှာနှင့် လည်ပင်းတို့ တွင် တရှပ်ရှပ် ပွင့်လာစေ၏။

ဖရဲသီးဆိုင်ဘေးက ကုက္ကိုပင်ရိပ်တွင် ဗန်းကလေးတွေချ၍ ခြေဆင်း လက်ဆင်း နားနေကြသည် ။ ဇင်မက နေ့ခင်းက လက်ကျန် ထမင်းဘူး ကိုဖွင့်သည် ။ မျှစ်နှင့် ပဲပြုတ်ကြော်လက်ကျန်နှင့် ထမင်းမာခေါက် ခေါက်ကို သုံးလေးဇွန်း ပါးစပ်ထဲသွတ်၍ ဝါးရင်း ...

"အောင်ဘု ... နင့်ချိုင့်ထဲ ဘာကျန်သေးလဲဟ"

"ဘဲသွေးတစ်တုံး ကျန်သေးလားမသိဘူး"

အောင်ဘုက သူ့ထမင်းချိုင့် ကမ်းပေးသည် ။ ဇင်မက ဖွင့်၍ ဘဲသွေး ကို ဇွန်းနှင့် ကော်စားသည် ။ တုံးလုံးလှဲနေသော ရှဲလီကို ...

"ပေါ်ရွတ်နေတာပဲဟာ ...၊ ရှဲလီ ... ဟဲ့ကောင် ... ရှဲလီ ... နင်ကော ဘာကျန်သေးလဲ"

အော်ခေါ်မှ ပင် သူမဘက်လှည့်နေရာမှ ကျောပေးအနေအထား ပြောင်းသွားသည် ။ ဇင်မက ငေါက်သံနှင့် ...

"ဟဲ့ ... ရှဲလီ၊ ငါခေါ်နေတာ မကြားဘူးလား ..."

အောင်ဘုက ...

"နင့်ကို စိတ်ကောက်နေတာဟ ... ဇင်မရ"

"ဘာကိုကောက်ရတာလဲ ..."

"သူ စီးကရက်ကို ကောက်သောက်တာကို နင်က ငတ်ကြီးကျတယ် လို့ ပြောလို့ တဲ့ ..."

"သူက ဘယ်လိုကြားသွားတာလဲ ..."

"ငါပြောလိုက်တာလေ"

"ခွေးကောင် အောင်ဘု ... နင်ဟာလေ ကုန်းချောဖို့ ပဲ သိတယ်၊ ဖရဲသီးအေးကြည်မ ကိုင်တုတတ်တာ နင်အဲလို ကုန်းချောကောင်းလို့ ..."

"အဲဒါက ကုန်းချောတာ မဟုတ်ဘူး ဇင်မရ၊ အမှန်အတိုင်း ပြောလို့ ဆတ်ဆတ်ထိမခံ ပြန်ပက်တာ ..."

ပြောပြောဆိုဆို အောင်ဘုက ရှဲလီ ထမင်းချိုင့်ကို ဖွင့်သည် ။ အထဲက ငါးပြေမဆားနယ်ကို နည်းနည်းဖဲ့မြည်းသည် ။

"ရော့ ... ရော့ ... ဇင်မ၊ ခုနက ပေါ့တယ်ပြောတာနဲ့ ရှဲလီ ဟင်း ... အတော်ပဲ၊ ငါးပြေမဆားနယ်ကို ကြော်ထားတာဟ"

ရှဲလီခေါင်းက လည်လာသည် ။

"ဟေ့ကောင် အောင်ဘု၊ မင်း အလှူ့လက်ဖက်နဲ့ မျက်နှာလုပ်မနေနဲ့ ...၊ အဲဒီဟာမကို ငါမသဒ္ဓါဘူး ..."

"မင်းကလည်း ကွာ ... ခွေးကျွေးမယ့်အတူတူ လူဆိုတော့ ကုသိုလ်ရတာပေါ့ ... ဟာဟ ..."

"အောင်ဘုနော် ... သေခြင်းဆိုး ... ငါချိုင့်နဲ့ ကောက်ပစ်လိုက်မှာ ... "

မပစ်ပါ။ မိုက်ဆာနေ၍ ဇင်မ ငါးပြေမဆားနယ်နှင့် ထမင်းကို ပလုတ်ပလောင်း စားနေသည် ။ ထမင်းဝါးရင်း ...

"ငါးပြေမဆားနယ်က ကောင်းလိုက်တာဟယ်၊ ဟင်းလည်း သိပ်မကုန်ပဲ ထမင်းများများ ဝင်တယ်နော် ...၊ ငါးပြေမဆားနယ်က ဘယ်ဈေးဝယ်ရလဲဟင် ရှဲလီ ..."

ရှဲလီက ဘာမှ ပြန်မပြော၊ အောင်ဘုက ဝင်ပြောသည် ။

"ဆားရှိရင် ငါးပြေမကွန်ချက် ရှဲလီ ပြလိမ့်မယ် ... နင်ပြေပြေလည်လည် မေးကြည့် ..."

"ဟင် ... ဟုတ်လား ရှဲလီ၊ ငါး ... ငါးပြေမ စားချင်တယ် ဟာ"

နေ့တိုင်း ပဲပြုတ် ကန်စွန်းရွက်ကြော်၊ မျှစ်ကြော်၊ ကံကောင်းမှ ဘဲဥကြော်နှင့် ထည့်ထည့်လာရရှာသော ဇင်မထမင်းချိုင့်လေးကို ရှဲလီ ပြန်မြင်လာသည် ။ စက်သွေးသနပ်ခါးခဲကို ထူထူပြိန်းပြိန်းပင် မနက်က ကွက်ခဲ့သော၊ ယခုအခါ ချွေးစက်တို့ ဖျက်ခြေ၍ တစ်စက်တလေသာ ကွက်ပေကျန်နေသော သနပ်ခါးပျက်စ ဇင်မ မျက်နှာလေးကို ရှဲလီ လှမ်းကြည့်လိုက်သည် ။ ကရုဏာသက်စိတ်သည် တိတ်တိတ်လေးဝင်လာ၏။

သက်တူရွယ်တူဖြစ်သော်လည်း ဇင်မက လူကောင်ပိုထွားသည် ။ မိန်းမအင်္ဂါရပ်တွေ တစ်စတစ်စ(တစ်ပတ်နွမ်းအဝတ်ထဲက)ပြသလာနေပြီ။

"နင် တကယ်စားချင်ရင် ငါ့စကားနားထောင်မလား"

"နားထောင်ပါ့မယ်ဟာ ... ငါးက ဘယ်မှာ ဖမ်းရမှာ လဲ"

"ဖမ်းစရာမလိုဘူး ကောက်ရုံပဲ ..."

"ဟယ် ... လက်နဲ့ ကောက်ရုံပဲ ... ဟုတ်လား၊ ဟုတ်ရဲ့ လား၊ ဟယ် ... ဒီလောက်လွယ်လား"

အောင်ဘုက ထမင်းချိုင့်တွေပြန်ဖုံးရင်း မသိမသာ ကုန်းစကားလှမ်းပြောလာပြန်သည် က ...

"ဒါကြောင့် ငါပြောတာပေါ့ ဇင်မရဲ့ ၊ ရှဲလီက နင့်ကိုဟင်းစားပေးရုံမ

ကဘူး ကွန်ချက်ပါပြမယ် ဆိုတာလေ၊ တော်ရုံလူကို ကွန်ချက်မပြကြဘူး ဟ ...၊ နင်က ရှဲလီအတွက် တော်ရုံလူ မဟုတ်ဘူး ... နော ..."

"နင်စကားပြောတာ ကြည့်ပြောနော် အောင်ဘု ... ငါက အေးကြည် မထက်စွာတာ နင်သိသားနဲ့ ..."

"ငါက အကောင်းနဲ့ ပြောတာပါဟာ ...၊ ဟော ... ဟိုမှာ ဘားအံ့ကား ဝင် လာပြီ ..."

ရှဲလီက သူစုထားသော ဘားအံ့ခရီးသည် သုံးယောက်ဆီပြေးသည် ။ အထုပ်တွေပြေးဆွဲ၍ ကားစပယ်ယာထံ သွားအပ်သည် ။

"အစ်ကို ဘားအံ့သုံးယောက်ရှိတယ်၊ ဘေးခုံရှိရင် လုပ်ပေးပါ"

"လောလောဆယ် နှစ်ခုံရမယ် ... ဖြစ်မလား ...၊ သိမ်ဇရပ်ရောက် ရင် တစ်ခုံရမယ် ..."

"ဖြစ်တယ်အစ်ကို ...၊ လာ ... လာ ... အစ်မတို့ ... တက် နှစ်ခုံဘေး ခုံရမယ်၊ သိမ်ဇရပ်ကျမှ ဘေးခုံထပ်ရမယ် တက်ပါခင်ဗျ"

ကားထွက်တော့ စပယ်ယာက ငါးရာတန်တစ်ရွက် ရှဲလီလက်ထဲ ထ ည့်ပေးခဲ့သည် ။ ရှဲလီက အလကားနေ အလကား ငါးရာရသည် မို့ ပျော် နေသည် ။ ဇင်မက အစအဆုံးကြည့်ပြီးမှ ...

"ဟွန့် ... ငါးရာရတာကို နင်ကပျော်နေ၊ ကိုအောင်မင်းဆို တစ်ယော က်ငါးရာ၊ သုံးယောက်ဆို တစ်ထောင့်ငါးရာရတာဟဲ့ ..."

"ဟိုက စစ်ပြန်ဟ ...လုပ်ပိုင်ခွင့်ရှိတယ်၊ ကိုယ်က သူ့အလစ်လုပ်ရ တာ ... ဘာရင်းရတာမှတ်လို့ ... သူ့ဟာသူ ကားပေါ်တက်သွားရင် တစ် ပြားမှ တောင် ရလိုက်မှာ မဟုတ်ဘူး ၊ အမေ့ဖို့ ဝက်သားတစ်ဆယ်သား တောင် ညစာရတာ နည်းလား၊ အမေစားချင်တယ် ပြောနေတာကြာပြီ

... ဟာဟ ... အပြန်ဝယ်သွားရမယ် ..."

"အင်း ... နင်က ကျွေးစရာ အမေရှိနေတာ ကံကောင်းတယ် ... ငါ သာ ..."

ဇင်မအသံလေး တိမ်ဝင်သွားသည် ။ မျက်ရည်ဝဲလာသည် ။

ရှဲလီက ဇင်မငိုမှာ ကိုစိုးပါသည် ။ စိတ်ပြောင်းသွားရန် ...

"ဟဲ့ ... ဇင်မ၊ ရော့ ငါ့ကွမ်းယာခြင်း ခဏကိုင်ထား ... ဟိုမယ် ဘုရားဖူးတောင်းအော့စ် ဝင်လာတယ်၊ ပေး ... နင့်ဖရဲသီးဗန်း ငါကူရောင်းပေးမယ်"

ပြောပြောဆိုဆို ဇင်မခေါင်းပေါ်က ဖရဲသီးဗန်းကို ဇတ်ခနဲ ယူ၍ ဘုရားဖူးကားနား သူများ အရင် ရောက်သွားလေသည် ။

"ကွမ်းယာ ... စီးကရက် ... အာ ... ဟုတ်ပေါင် ... ဖ ဖရဲသီးစိတ်ချိုချိုလေး၊ လင်စားရင် ... မယားပါ ချိုတာလေးတွေ ...၊ အစ်မစားရင် ... အစ်ကိုပါ ချိုတယ် ... ခင်ဗျ"

ရှဲလီက ရုပ်ရည်လေးက သန့်သန့်ပြန့်ပြန့်၊ နှုတ်ကချိုချို သွက်သွက်မို့ လက်မလည်အောင် ရောင်းလိုက်ရသည် ။ ဇင်မကလည်း ကွမ်းယာ ရောင်းရသည် ။ ဈေးသည် ဆိုတာ ရောင်းရလျှင် ပျော်သည် ချည်းပါပင်။ ကားတွေထွက်သွား၍ ကုက္ကိုပင်အောက် ပြန်နားကြသောအခါ ဇင်မက ရှဲလီနှင့် အောင်ဘုကို ဖရဲသီးတစ်စိတ်စီ ဝေရင်း ...

"ငါဒီနေ့ နေ့တွက်ကိုက်သွားပြီ၊ ဘယ်လိုမဆို ညနေပိုင်း တစ်ဗန်းတော့ ကုန်မှာ ပဲ ... အားမနာနဲ့ စားကြ ..."

"နင့် ကြီးတော်ကြီး စာရင်းစစ်နေရင် ဘယ်လိုလုပ်မလဲ ..."

"နေ့တွက်ပေးရင် မစစ်ပါဘူးဟာ ... စားမှာ သာစားစမ်းပါ၊ နေပါဦး နင့်ငါးက ဘယ်မှာ ကောက်ရမှာ လဲ ရှဲလီ ..."

"သစ်ပင်အောက်က ဖက်ရွက်တွေပေါ်မှာ ကောက်ရမှာ "

"အွန် ... နင့်ဟာလည်း တစ်မျိုးပါလား ..."

အောင်ဘုက ဖရဲသီးစားရင်း ...

"နင်မယုံသလို ... ငါလည်း အစက မယုံခဲ့ဘူး ဇင်မ၊ ရှဲလီ ပြောတာမယုံရင် နင်ဒီည နှင်းအိထွေးတို့ ဆိုင်မှာ ကိုရီးယားကား ကြည့်နေကျအချိန် ငါတို့ လာခေါ်မယ် ..."

"ဟာ ... ဒီညဇာတ်သိမ်းဟ ..."

"အဲဒီ ကိုရီးယားတွေက နင့်ကို ငါးဟင်းလာကျွေးလို့ လား၊ ဘယ်သူနဲ့ ညားလဲ ... ဘာဖြစ်သွားလဲ ... နှင်းမိထွေးက နင်ထိုင်ကြည့်တာထက်ကောင်းအောင် ပြန်ပြောပြလိမ့်မယ်၊ နင် စားချင်လိုက်ခဲ့ ... ဟင်းစားတောင်မှုတ်ဘူးနော် ... ကွန်ချက်ပါ ပြမှာ ... နင်တစ်နှစ်စာ အမုန်းဆွဲလို့ရတယ် ..."

"ဟုတ်လား ... ရှဲလီ"

"အေး"

ရှဲလီက အေးတစ်လုံးသာ ပြန်ပြောသည် ။

အေးသာအေးရ ဘေးကရှိသည် လေ။

ဤ ... သို့ ... ဖြင့် ...။

***